ပါသည်။ ထိုသူများမှတစ်ဆင့် ကာကွယ်ဆေးအပြည့်အဝမရရှိသေးသော အခြားသူများထံ ရောဂါဆက်လက်ကူးစက်ပြန့်ပွားနိုင်ခြေ ရှိနိုင်ပါသည်။

ကိုဗစ်-၁၉ ရောဂါကို ထိရောက်စွာကာကွယ်နိုင်ရန်အတွက် ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရပါမည်၊ ကာကွယ်ဆေးထိုးနှံပြီးသော်လည်း ရောဂါကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာရပါမည်။

(၁၁) ကိုရိုနာဗိုင်းရပ်စ်(ကိုဗစ်-၁၉) ကူးစက်ခံရသူများသည် ရောဂါပြန်လည်ကောင်းမွန်သက်သာလာသော်လည်း ရောဂါ၏ နောက်ဆက်တွဲရေရှည်ဆိုးကျိုးများကို ခံစားရနိုင်ပါသည်။ ၎င်းတို့မှာ-

- နှလုံးကြွက်သားများထိခိုက်ပျက်စီးစေ၍ ရေရှည်တွင် နှလုံးကောင်းစွာ အလုပ်မလုပ်နိုင်တော့ခြင်းနှင့် နှလုံးရောဂါအမျိုးမျိုး ခံစားလာရစေနိုင်ခြင်း၊
- အဆုတ်အတွင်းရှိလေအိတ်ငယ်များကို ပျက်စီးစေ၍ အဆုတ်တွင်အမာရွတ်များကျန်ခဲ့ကာ နောက်ဆက်တွဲ အသက်ရှူရခက်ခဲခြင်းနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများစွာ ဖြစ်ပွားစေနိုင်ခြင်း၊
- အသက်ငယ်ရွယ်သူများတွင်ပင် ဦးနှောက်နှင့်အာရုံကြောစနစ်ကို ထိခိုက်၍ လေဖြတ်ရောဂါ၊ အတက်ရောဂါ၊ အကြောသေရောဂါ (Guillain-Barré syndrome) ဖြစ်ပွားစေခြင်း၊ ထို့အပြင် ခြေတုန်လက်တုန်ခြင်းဖြစ်ပွားသည့် (Parkinson) ရောဂါ၊ မှတ်ဉာဏ်ဆုံးရှုံးသည့် (Alzheimer) ရောဂါစသည့်ရောဂါများ ဖြစ်ပွားနိုင်ခြေမြင့်တက်စေခြင်း၊
- ခန္ဓာကိုယ်ရှိ သွေးကြောများအတွင်း သွေးခဲခြင်းများဖြစ်ပေါ်၍ ဦးနှောက်သွေးခဲခြင်း၊ နှလုံးသွေးကြောများပိတ်ခြင်း၊ ခြေထောက်သွေးပြန်ကြောများပိတ်ခြင်း (Deep Vein Thrombosis) တို့အပြင် အသည်းနှင့် ကျောက်ကပ်ရောဂါများ ဖြစ်ပွားစေနိုင်ခြင်း၊
- ပိုးကင်းစင်၍ရောဂါလက္ခဏာများ ပြန်လည်သက်သာလာခဲ့သော်လည်း အထူးကြပ်မတ်ကုသဆောင်တွင် ကာလရှည်ကြာသီးခြားခွဲ၍ ကုသမှုခံယူရခြင်းကြောင့် စိတ်ဓာတ်ကျခြင်း၊ စိုးရိမ်ပူပန်စိတ်များခြင်းစသည့် စိတ်ပိုင်းဆိုင်ရာထိခိုက်မှုတို့ကို ခံစားရစေနိုင်ခြင်း၊
- သက်ကြီးဘိုးဘွားများနှင့် ဆီးချိုရောဂါကဲ့သို့ နာတာရှည်ရောဂါရှိသူများတွင် အလွန်အမင်း မောပန်းခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ ခေါင်းကိုက်ခြင်း၊ အဆစ်အမြစ်များ နာကျင်ကိုက်ခဲခြင်းစသည့် ရောဂါလက္ခဏာများကို ပိုမိုပြင်းထန်စွာ ကာလရှည်ကြာခံစားရစေနိုင်ခြင်း၊
- အထက်ဖော်ပြပါအချက်များအပြင် ကိုဗစ်-၁၉ ရောဂါသည် အသစ်ဖြစ်ပေါ်လာသော ကူးစက်ရောဂါ(emerging infectious disease)ဖြစ်၍ လတ်တလောအနေနဲ့မသိရှိရ